ဇူလိုင်လ ၁၂ ၂၀၁၈

ချစ်ခင်ရပါသော Perry Township မိသားစုဝင်များ

၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်မှာ Perry Township Schools ကို ရွေးချယ်တဲ့အတွက် ကျေးဇူးတင်ပါတယ် ကျွန်တော်တို့ကျောင်းကို တက်ရောက်တဲ့ ကျောင်းသူ/သား အားလုံးကို ပညာသင်ကြားပေးခွင့် ရရှိထားတာဟာ ကျွန်တော်တို့အတွက် တကယ့်အခွင့်ထူးဖြစ်ပါတယ် ခင်ဗျားတို့ရဲ့ ယုံကြည်အားထားမှုကို ကျွန်တော်တို့အမှန်တကယ် တန်ဖိုးထားပါတယ် ကျောင်းသူ/သား တိုင်းကို 21st century သင်ကြားရေး အတွေ့အကြုံတွေကို ကမ်းလှမ်းတဲ့အပြင် ကျွန်တော်တို့ရဲ့ကျောင်း လုံခြုံရေးကိုလည်း အထူးသဖြင့် စိန်ခေါ်မှုများတဲ့ အခုချိန်မှာ ပထမ ဦးစားထားပြီး လုပ်ဆောင်နေပါတယ် ကျွန်တော်တို့ရဲ့ ကျောင်းသူ/သား ဆရာ/မ ဝန်ထမ်း မိဘ နဲ့ ဧည့်သည်တွေရဲ့ လုံခြုံရေးကို ကူညီပေးနိုင်ဖို့ မူ တွေ နဲ့ အစီအစဉ် တချို့တွေ ကျွန်တော်တို့မှာ ရှိပါတယ်

## School Police

ဦးစီးချုပ် David Stalcup ရဲ့ ဦးဆောင်မှုအောက်မှာ ကျွန်တော်တို့ရဲ့ Perry Township ကျောင်း ရဲဌာနဟာ အဆက်မပြတ် ကျွန်တော်တို့ရဲ့ ကျောင်းဝင်းဒေသအတွင်း တာဝန်ချထားပါတယ် ကျွန်တော်တို့ရဲ့ ၂၂ ကျောင်းကို နေ့စဉ် ဌာနဆိုင်ရာ အချိန်ပြည့် ရဲအရာရှိ ၁၀ ယောက် နဲ့ အချိန်ပိုင်း ရဲအရာရှိ ၉ ယောက် တို့က ပါဝင်ပြီး ကင်းလှည့်နေကြပါတယ် ရဲအရာရှိတွေဟာ ကျောင်းလုံခြုံရေးအပြင် လိုအပ်တယ်လို့ ယူဆတဲ့ ဒေသဆိုင်ရာ လှုပ်ရှားမှု ပွဲစဉ်တွေ မှာလည်း လုံခြုံရေးကို ကူညီထောက်မ ပေးနေကြပါတယ် ဌာန ရဲ့ k-9 ယူနစ်က လိုအပ်သလို ကျောင်းနယ်မြေအတွင်း မူးယစ်ဆေးဝါး အရက် ပေါက်ကွဲတတ်တဲ့ပစ္စည်းတွေ ပါဝင်မှု ရှိမရှိ ကိုလည်း စစ်ဆေးနေပါတယ်

### သဘာဝဘေးအန္တရာယ် လေ့ကျင့်ပေးမှု

ကျွန်တော်တို့ ရဲအရာရှိတွေက "Run. Hide. Fight." လေ့ကျင့်ပေးမှုကို ဦးဆောင်ပြီး ကျွန်တော်တို့ ကျောင်းတစ်ကျောင်းစီကို သင်ကြားပေးနေပါတယ် ဒီ "Run. Hide. Fight." ဟာ ကျောင်းအတွင်း သေနတ်ပစ်သမားရှိရင် ဆရာ/မ နှင့် ကျောင်းသူ/သား တွေ ဘယ်လိုလုပ်ဆောင်ရမလဲဆိုတာ သင်ပေးတဲ့ အစီအစဉ် ဖြစ်ပါတယ် ဥပဒေအရ ဒီလိုလေ့ကျင့်ပေးမှုကို ပညာသင်နှစ်ရဲ့ နှစ်တဝက်တိုင်းမှာ လုပ်ဆောင်ဖို့ တောင်းဆိုထားပါတယ် ပြီးတော့ ဆရာ/မ နဲ့ ကျောင်းအုပ်ချုပ်ရေးမှူးတွေဟာ ပညာသင်နှစ်

နှစ်တဝက်စီမှာ လေဆင်နှာမောင်းမှ လွတ်မြောက်နိုင်ရန် ကြိုတင်ကာကွယ်ခြင်း လေ့ကျင့်ခန်း ကို လုပ်ဆောင်ရမှာ ဖြစ်ပြီး လစဉ် မီးလောင်မှုမှလွတ်မြောက်နိုင်ရန် ကြိုတင်ကာကွယ်ခြင်း လေ့ကျင့်ခန်း ကိုလည်း လုပ်ဆောင်ရမှာ ဖြစ်တယ်

## လုံခြုံစိတ်ချရတဲ့ ဝင်ပေါက်များ

ကျောင်းတိုင်းမှာ ဝင်ပေါက်တွေကို သတ်မှတ်ပေးထားပါတယ် ဒါကြောင့် ဧည့်သည်တိုင်းဟာ ကျောင်းကောင်တာမှာ လက်မှတ်ထိုးအသိပေးပြီးမှ လုံခြုံတဲ့ ကျောင်းအတွင်း ဝင်ဖို့ အခွင့် ရရှိမှာ ဖြစ်တယ်

၂၀၁၈-၂၀၁၉ ခုနှစ်ကစပြီး ကျောင်းထဲဝင်နိုင်ဖို့ ကျောင်းဝန်ထမ်းတွေနဲ့ ဧည့်သည်တွေအတွက် အပြောင်းအလဲလေးတွေ လုပ်ထားပါတယ်

ဧည့်သည်တွေဟာ ကျောင်းထဲမဝင်ခင် ကျောင်းရုံးခန်းရဲ့ ကောင်တာမှာ မိမိရဲ့ ယာဉ်မောင်းလိုင်စင် ဒါမှမဟုတ် လက်သင့်ခံနိုင်တဲ့ အစိုးရ သက်သေခံကတ်ပြား တစ်ခုခုကို ပါရှိရမှာ ဖြစ်တယ်

ကျောင်းဝန်ထမ်းတွေဟာ မိမိတို့ရဲ့ ရုပ်ပုံနဲ့ နာမည် ပူးတွဲပါရှိတဲ့ ကတ်ပြားကို ရရှိကြမှာဖြစ်ပြီး ကျောင်းကောင်တာက ဝန်ထမ်းတွေက အဲဒီကတ်ပြားကို ကျောင်းထဲမဝင်ခင် ကျောင်းဝန်ထမ်းရဲ့ ရုပ်ပုံနဲ့ နာမည် တူမတူ စစ်ဆေးသွားမှာ ဖြစ်တယ်

ဗီဒီယိုစောင့်ကြည့်ကင်မရာ စနစ်တွေကလည်း ကျောင်းအဆောက်အအုံ တစ်ခုစီရဲ့ လှုပ်ရှားမှုတွေကို စောင့်ကြည့်ဖို့ ကျောင်းအုပ်ချုပ်ရေးမှူးတွေကို အကူအညီပေးမှာ ဖြစ်တယ်

## လုံခြုံရေး ကော်မတီ

ကျွန်တော်တို့ရဲ့ လုံခြုံရေး ကော်မတီမှာ အဆောက်အအုံ အုပ်ချုပ်ရေးမှူးများ ဗဟိုဝန်ထမ်းများ နဲ့ ရဲအရာရှိ တွေဟာ လစဉ် တွေ့ဆုံကြပြီး ကျွန်တော်တို့ရဲ့ လုံခြုံရေး လုပ်ထုံးလုပ်နည်းတွေကို ပြန်လည်ဆန်းစစ်တာ ဒါမှမဟုတ် စီစစ်တည်းဖြတ်တာ စတဲ့ လုပ်ဆောင်မှုတွေ ပါဝင်ပါတယ်

ဒီကော်မတီရဲ့ အဆောက်အအုံ အုပ်ချုပ်ရေးမှူး နဲ့ ဗဟိုရုံးဝန်ထမ်းတွေဟာ Indiana Department of Education’s School Safety Specialist Academy က တဆင့် လုံခြုံရေး အထူးကျွမ်းကျင်သူတွေ ဖြစ်ကြပါတယ်

ဒီအကြောင်းကို http://www.doe.in.gov/student-services/safety မှာရှာဖွေနိုင်ပါတယ်

လုံခြုံရေး အထူးကျွမ်းကျင်သူတွေဟာ တရားဝင် ဆက်ပြီးဖြစ်နေဖို့ Indiana School Safety Academy မှာ အတတ်ပညာဆိုင်ရာ ဖွံ့ဖြိုးမှုသင်တန်းကို နှစ်စဉ် နှစ်ရက် တက်ရောက် ရမှာ ဖြစ်တယ်

**အကြံပေးပုဂ္ဂိုလ် နှင့် လူမှုဖူလုံရေးဝန်ထမ်း**

ကျောင်းအကြံပေးပုဂ္ဂိုလ်တွေဟာ ကျောင်းသူ/သားတွေရဲ့ ပညာရေး စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး နဲ့ လူမှုရေးစိန်ခေါ်ချက်တွေကို ရင်ဆိုင်နိုင်ဖို့ အကူအညီပေး နေကြပါတယ်

ညွှန်ကြားရေးဌာနများ နဲ့ ဆရာ/မ တွေဟာ အကူအညီလိုနေတဲ့ ကျောင်းသူ/သား တွေကို ဘယ်လိုနည်းနဲ့ အသိအမှတ်ပြုပြီး ကူညီပေးနိုင်ပုံ စတဲ့ သင်တန်းပို့ချမှုတွေကို အဆက်မပြတ် ရရှိကြပါတယ် ဒါမှ သင့်လျော်မှန်ကန်စွာနဲ့ ကျောင်းသူ/သား တွေကို ကြားဝင် ကူညီနိုင်မှာ ဖြစ်တယ်

လူမှုဖူလုံရေးဝန်ထမ်းတွေ ကလည်း ကျောင်းသူ/သား ရဲ့ စိတ်ခံစားကြီးထွားမှု ဒါမှမဟုတ် ပညာရေးအကျိုးရလဒ်တွေ အပေါ် အပျက်သဘောဆောင်နိုင်တဲ့ ပြဿနာတွေကို ဖြေရှင်းပေးဖို့ ကျောင်းသူ/သား မိသားစုများ နဲ့ ဆရာ/မ တွေကို အကူအညီပေးဖို့ ရပ်တည်နေကြပါတယ်

**လုံခြုံရေး အရေးပေါ် ဖုန်းလိုင်း**

ကျွန်တော်တို့ရဲ့ လုံခြုံရေး အရေးပေါ် ဖုန်းလိုင်းကို မူးယစ်ဆေးဝါး အနိုင်ကျင့်ခံရတာ ဒါမှမဟုတ် အကြမ်းဖက်ခြိမ်းခြောက်မှုခံရတဲ့ အခြေအနေမျိုး ကြုံတွေ့နေရတဲ့ ကျောင်းသူ/သား တွေအတွက် စီစဉ်ထားတာ ဖြစ်ပါတယ် ဖုန်းနံပါတ်က 317-789-3905 ဖြစ်ပါတယ်

ဒီလုံခြုံရေး အရေးပေါ် ဖုန်းလိုင်းကို အထက်ကအခြေအနေလိုမျိုး ရင်ဆိုင်ရပြီး ကျောင်းက တာဝန်ရှိသူကို လူကိုယ်တိုင် တိုင်ကြားဖို့ စိတ်ကသိကအောက် ဖြစ်နေတဲ့ ကျောင်းသူ/သား တွေအတွက် ရည်ရွယ်ထားခြင်း ဖြစ်ပါတယ်

**သေရေးရှင်ရေး စိုးရိမ်ဖွယ်အခြေအနေ နှင့် အရေးပေါ်အခြေအနေ ဖြစ်ပေါ်ပါက အနီးစပ်ဆုံး တာဝန်ရှိ အုပ်ချုပ်ရေးမှူး ဒါမှမဟုတ် ဆရာ/မ ဆီ ချက်ချင်း သတင်းပို့ အကြောင်းကြားရမှာ ဖြစ်တယ်**

ကျွန်တော်တို့ ကျောင်းသူ/သား အားလုံးရဲ့ လုံခြုံရေးကို အလေးအနက် သဘောထားတယ် ဒါကြောင့် ဖြစ်နိုင်ခြေ နည်းပေမဲ့ ဖြစ်နိုင်ခြေ အလားအလာ ရှိတဲ့ ဒီလိုဖြစ်ရပ်မျိုးအတွက် ကြိုတင်ပြင်ဆင်မှု လုပ်နေတဲ့ အတွက် ကျွန်တော်တို့ ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူမိပါတယ်

လေးစားစွာဖြင့်

Pat Mapes

ကျောင်းကြီးကြပ်ရေးမှူး